


# မာတိကာ


၁။ ဒေါ်အောင်ဆန်းစုကြည်၏အမှာစာ ၁

၂။ ဦးအောင်ရွှေ
မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွင်
ကျွန်တော်၏ဆောင်ရွက်ချက်များ ၅

၃။ သူရဦးတင်ဦး
လွတ်လပ်ရေးကြိုးပမ်းမှုတွင်
ကျွန်တော်ပါဝင်ခဲ့သည့် အခန်းကဏ္ဍအကျဉ်း ၄၁

၄။ ဦးလွင်
ကျောင်းသားနိုင်ငံရေးမှ လွတ်လပ်ရေးသို့ ၅၇

၅။ ဦးလွန်းတင်
ရလျှင်ရ မရလျှင်ချ ၇၅

၆။ ဦးညွှန့်ဝေ
နိုင်ငံ့စီးပွားရေးနှင့် လွတ်မြောက်ရေး ၈၉

၇။ ဦးသန်းထွန်း
မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်
ပါဝင်ဆောင်ရွက်ခဲ့မှု ၉၅

၈။ သခင်စိုးမြင့်
မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ၁၂၇

၉။ ဦးလှဖေ
မြန်မာ့လွတ်လပ်ရေး ၁၄၅

၁၀။ မြောင်းမြဗဆွေ
လွတ်လပ်ရေးနှင့် အာရှလူငယ် ၁၅၆




## ဒေါ်အောင်ဆန်းစုကြည်၏ အမှာစာ

ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် လူကြီးများသည် ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ငယ်ရွယ်နုပျိုစဉ် အခါမှစ၍ ပါဝင်လှုပ်ရှားခဲ့သူများ ဖြစ်ပါသည်။ နိုင်ငံ၏ လွတ်လပ် ရေးသမိုင်းတွင် အရေးပါသော မိမိတို့၏ အတွေ့အကြုံ၊ လုပ်ရပ်များကို မှတ်တမ်းတင်ပေးခြင်းအားဖြင့် ကျွန်မတို့ကဲ့သို့ လွတ်လပ်ရေး ကြိုးပမ်းမှုခေတ်ကို မမီခဲ့သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် အများပြည်သူတို့ကို ဗဟုသုတ ကြွယ်ဝကာ အမြင်ကျယ်စေရန် မ,စ ကူညီ ပေးရာ ရောက်ပါသည်။ ထို့ကြောင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် လူကြီးများအား မိမိတို့၏ လွတ်လပ်ရေးကြိုးပမ်းမှု အတွေ့အကြုံများ (သို့မဟုတ်) မိမိတို့၏ လွတ်လပ်ရေးနှင့် ပတ်သက်သော သဘောထား အမြင်များကို ၅၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အထူး အထိမ်းအမှတ် အနေဖြင့် ရေးသားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လူကြီးများ၏ တုန့်ပြန်ချက်မှာ အားရ ဝမ်းမြောက်ဖွယ်ရာပင် ဖြစ်ပါသည်။ အလုပ်တာဝန် အမျိုးမျိုးကြားမှပင် အချိန်တိုအတွင်း လွန်စွာမှ စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ်ကောင်းသော ဆောင်းပါးများကို ရေးသား ပေးကြပါသည်။

ဥက္ကဋ္ဌကြီး ဦးအောင်ရွှေ၊ ဒု-ဥက္ကဋ္ဌ ဦးတင်ဦး၊ အတွင်းရေးမှူး ဦးလွင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလွန်းတင်တို့အနေဖြင့် မြန်မာ့တပ်မတော်အတွင်းမှ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မည်ကဲ့သို့သော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်းများကို ဖတ်ရှုခြင်းအားဖြင့် မြန်မာ့ လွတ်လပ်ရေးအတွက် တိုက်ခဲ့ကြသော တပ်မတော်သားများ၏ တိုင်းပြည်အပေါ် ထားခဲ့သောစေတနာနှင့် ထိုစဉ်က ပြည်သူက တပ်မတော်သားများအပေါ် ထားရှိခဲ့ကြသော မေတ္တာတို့ကို တစေ့တစောင်း ခန့်မှန်းနိုင် ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တပ်မတော်အငြိမ်းစား အရာရှိကြီး ၄ ဦး၏ ဆောင်းပါးများ အနက် ဦးလွန်းတင်၏ဆောင်းပါးသည် တမူ ထူးနေပါသည်။ ၅၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် ဆောင်းပါးရေးသားပေးပါရန် မေတ္တာရပ်ခံသောအခါမှ ရေးသားပေးသည့် ဆောင်းပါး မဟုတ်ပါ။ ၁၉၆၇ ခုနှစ်တွင် တော်လှန်ရေး ကောင်စီဝင် အနောက်မြောက်တိုင်း (မန္တလေးမြို့) တိုင်းမှူး ဘဝမှ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၏ အကျဉ်းသားဘဝသို့ရောက်ကာ 'ရေကြည်အိုင်' စစ်ထောက်လှမ်းရေး အချုပ်ခန်းတွင်ရှိစဉ်က 'ဗိုလ်ဟသ်ာ' ဟူသော ကလောင်အမည်ဖြင့် ရေးသားခဲ့သော ကိုယ်တွေ့ အတွေ့အကြုံ မှတ်တမ်းများအနက်မှ တစ်ခုပင်ဖြစ်ပါသည်။ ထိုစဉ်အခါက ရွေးချယ်ခဲ့သော ကလောင်အမည်သည် ဦးလွန်းတင်၏ တောက်ပြောင်ခဲ့သော မွန်အမျိုးသားစိတ်ဓာတ်ကို သက်သေထူပါသည်။

လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံ၏ ပါလီမန်ဒီမိုကရေစီ နိုင်ငံရေးတွင် တက်ကြွထိရောက်စွာ ပါဝင်လှုပ်ရှားခဲ့ကြသော သခင်စိုးမြင့်၊ ဦးလှဖေ၊ ဦးသန်းထွန်းတို့၏ ဆောင်းပါးများသည် ကိုလိုနီခေတ် ကျောင်းသားလူငယ်များ၏ မျိုးချစ်စိတ်ဓာတ်နှင့် နိုင်ငံရေး ဆောင်ရွက်ချက်များကို လည်းကောင်း၊ ဖက်ဆစ်တော်လှန်ရေး ခေတ်ကာလက ပြည်သူ၊ နိုင်ငံရေးသမားနှင့် တပ်မတော်သားများ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပုံများကို လည်းကောင်း ဖော်ပြထားပါသည်။



ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအနက် ဘဏ္ဍာရေး၊ စီးပွားရေးကိစ္စများကို အထူး စိတ်ဝင်စားမှုရှိပြီး တာဝန်ယူ ထမ်းဆောင်နေသော ဦးညွှန့်ဝေ၏ဆောင်းပါးသည် မိမိအလေးထားသော ကိစ္စရပ်များကို ပေါ်လွင်စေပါသည်။ လွတ်မြောက်ရေးနှင့် စီးပွားရေး ဆက်စပ်နေပုံကို လွတ်လပ်ရေးကြိုးပမ်းမှု အချိန်ကာလကပင် အမြော်အမြင်ရှိသော မျိုးချစ်ပုဂ္ဂိုလ်များက ရိပ်စားမိခဲ့ကြောင်းကို သိရှိသူများ နည်းပါးလှပါသည်။ ဦးညွှန့်ဝေ၏ ဆောင်းပါးကို ဖတ်ရှုရသောအခါ နိုင်ငံရေးနှင့် စီးပွားရေးကို မည်သည့်အခါကမျှ ခွဲခြား၍မရကြောင်းကို သဘောပေါက်နိုင်ပါသည်။ ယခုခေတ်အတွက်လည်း သင်ခန်းစာယူဖွယ်ရာ ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၅၂ နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် လူကြီးများ၏ လွတ်လပ်ရေးနှင့်ဆက်စပ်သော ဆောင်းပါးများကို ထုတ်ဝေနိုင်သည့်အတွက် များစွာ နှစ်ထောင်းအားရမိပါသည်။ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်မှစ၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကြိုးပမ်းမှုခေတ်တိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်အပေါ်၌ သစ္စာကြီးမားစွာဖြင့် နိုင်ငံရေးတာဝန်များကို ထမ်းဆောင်နေကြသော ကျွန်မတို့၏ လူကြီးများကိုလည်း ကျေးဇူးတင်စွာဖြင့် လေးစားစွာ ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**အထွေထွေအတွင်းရေးမှူး**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**